# တဦးအမှာ

ယခု ဖတ်ရှုကြရမည့် ပုံပြင်များမှာ 'မြန်မာ့ရိုးရာ ချစ်စဖွယ် ပုံပြင်များ' ဖြစ်ပါသည်။

ပုံပြင် ဆယ့်ခြောက်ပုဒ်ပါရှိရာ နည်းသည်ဟု မထင်စေလိုပါ။

ယခု ဖတ်ကြရမည့် ပုံပြင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွား

(၂) ကောင်းသောဉာဏ်ကြွယ် ယုန်သူငယ်

(၃) ဖားမကလေး နှစ်ကောင်

(၄) မတရားကောင်ကြီး

(၅) နိုင်ထက်စီးနင်း အကောင်ကြီး

(၆) ကျားသား မစားရ၍ တဆုဆု

(၇) ကောက်သောအရာများ ချိုတ်မိလေ့ရှိသည်

(၈) အပြောကောင်းခြင်း၏ နောက်ဝယ်

(၉) စောင်းတီးသင်သူ နှစ်ယောက်

(၁၀) ငန်းတော်မြွေ၏ လွှမ်းပုံပြင်



(၁၁) စစ်ထိုးသော ငှက်မင်းတစ်ပါး

(၁၂) ဆရာ့စကား အဖိုးတန်ပါဘိ

(၁၃) ချော်လဲရာ ရောပြီး ထိုင်သူ

(၁၄) အားနာလျှင် အားပါတတ်သည်

(၁၅) သားတော်တွေး၏ ကြင်ရာဆန်း

(၁၆) အရိုးရှေး

ပုံပြင်များကို စုစည်းရာတွင် 'မြန်မာ့ရိုးရာ' ဟု နာမဝိသေသန ပြုထားသည်နှင့်လျော်ညီစွာ မြန်မာတို့ အရိုးအစဉ်ပြောဆိုခဲ့သည့် ပုံပြင်များကိုသာ အထူးပြု စုစည်းဖော်ပြပါသည်။

ဤ မြန်မာ့ရိုးရာချစ်စဖွယ်ပုံပြင်များတွင် တိရစ္ဆာန်များချည်း ပါဝင်သည့် ပုံပြင်များကို တွေ့ရမည့်နည်းတူ တိရစ္ဆာန်နှင့် လူ တွဲယှက်ထားသည့် ပုံပြင်များကိုလည်း တွေ့ရပါလိမ့်မည်။ ထို့ပြင် လူသားတွေချည်း ပါဝင်လှုပ်ရှားသည့် ပုံပြင်များကိုပါ တွေ့ရပါလိမ့်ဦးမည်။

ပုံပြင်များကို ဖတ်ရှုရာတွင် ယူတတ်လျှင် ရသည်။

အပျင်းပြေရုံ သဘောထားဖြင့် ဖတ်သူအတွက် အပျင်းပြေရုံသာ ရှိမည်။ စိတ်ဝင်စားရုံသာ ရှိမည်။

လောကသဘာဝနှင့်ယှဉ်ပြီး သုံးသပ် ဆင်ခြင်ကြည့်ပါမူ အလေးအနက် သဘောထားဖွယ်များ၊ မှတ်သား ရှောင်ဆောင်ဖွယ်များကို တွေ့ရပါလိမ့်မည်။

ဦးအောင်သိမ်းမြတ်